Myanmar Law Information System (MLIS)

# ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါလီမန်၊
# ပြည်သူ့လွှတ်တော်
# (ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ်နည်းဥပဒေ ပြင်ဆင်ချက်များ)
# အမှတ် ၃
## ရန်ကုန်မြို့၊ ၁၃၂၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်။
## (၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်။)

အမှတ် ၃။ ။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ ပုဒ်မ ၈၀ (၁) အရ၊ ပြဋ္ဌာန်းသော ပြည်သူ့လွှတ် တော်လုပ်ငန်းစဉ် နည်းဥပဒေများတွင် ပြည်သူ့လွှတ်တော်က ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ တွင် ကျင်းပသောအစည်းအဝေး၌၊ အောက်ပါပြင်ဆင်ချက်များကို ပြုလုပ်ကြောင်း ကျေညာပါသည်။

## ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ်နည်းဥပဒေ ပြင်ဆင်ချက်များ

(၁) နည်းဥပဒေ ၂၊ အပိုဒ်ခွဲ (ဈ) အစား၊ အောက်ပါကို ၂ (ဈ) အဖြစ်ထည့်သွင်းရမည်။

“ ၂ (ဈ) ‘ဝန်ကြီး’ ဆိုသည်မှာ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးကို ဆိုလိုသည့်အပြင်၊ လွှတ်တော်အတွင်း လုပ် ငန်းများကို ဆောင်ရွက်ရာ၌၊ အခါအားလျော်စွာ အစိုးရက တာဝန်လွှဲအပ်သည့် ပါလီမန် အတွင်းဝန်လည်း အကျုံးဝင်သည်။”

(၂) နည်းဥပဒေ ၁၆၊ ပထမအပိုဒ်တွင် “ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နှင့် သောကြာနေ့တိုင်း” ဆိုသည့်စကားရပ်အစား၊ “ ရက်သတ္တပတ်တိုင်းတွင် တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဘာသာဥပုသ်နေ့များမှအပ အခြားနေ့များ၌” ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(၃) နည်းဥပဒေ ၂၀၊ အပိုဒ်ခွဲ (၂) နောက်တွင် အောက်ပါကို ခြွင်းချက်အဖြစ်ထည့်သွင်းရမည်။

“ သို့ရာတွင် လွှတ်တော်လုပ်ငန်းအခြေအနေ၊ အစိုးရလုပ်ငန်း အနည်းအများကို ထောက်ရှု၍ ဥက္ကဋ္ဌ သည်၊ ရက်သတ္တပတ်လျှင် ၂ ရက်သတ်မှတ်ရန်ဖြစ်နိုင်ပါက အခါအားလျော်စွာ ၂ ရက် သတ်မှတ်နိုင် သည်။”

(၄) နည်းဥပဒေ ၇၁ တွင် “တဆယ့်ငါးခု” ဆိုသည့်စကားရပ်အစား၊ “နှစ်ဆယ်ခု” ဆိုသည့်စကားရပ် ကို ထည့်သွင်းရမည်။

(၅) နည်းဥပဒေ ၁၄၉၊ အပိုဒ်ခွဲ (၁) တွင် “နှစ်ရက်အောက်မနည်းသောရက်များ” ဆိုသည့် စကားရပ် အစား၊ “ သုံးရက်အောက်မနည်းသောရက်များ” ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(၆) နည်းဥပဒေ ၁၅၀ တွင် “ ၁၂ ရက်အောက်မနည်းသောရက်များ” ဆိုသည့်စကားရပ်အစား၊ “၁၈ ရက်အောက်မနည်းသောရက်များ” ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

အမိန့်အရ၊

ဘစန်း၊

(ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ်နည်းဥပဒေ ပြင်ဆင်ချက်များ)
အတွင်းဝန်၊
ပြည်သူ့လွှတ်တော်၊
ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါလီမန်။

Myanmar Law Information System (MLIS)